# နွေဦးအသံ

the voice of spring

30.6.2021 · Wednesday · No . 68 · Daily News Pamphlet


နောင်မွန်မြို့မှ နိုင်ငံတဝှမ်းငြိမ်းချမ်းစေရန် ဆုတောင်းပေးသည့် ခရစ်ယာန်ဘုန်းကြီး(၃)ပါးကို စစ်အုပ်စု ဖမ်းဆီး

သတင်းတို — ရင်းမြစ် – ဧရာဝတီ မှ

ရုပ်ရှင်ထုတ်လုပ်ဖန်တီးသူ မအိမ့်ကို စစ်အုပ်စုက ခြေချောင်းများ ကျိုးသည်အထိ စစ်ကြောရေး၌ နှိပ်စက်ခဲ့

သတင်းတို — ရင်းမြစ် – ဧရာဝတီ မှ

အကြမ်းဖက်ခေါင်းဆောင် မင်းအောင်လှိုင်၏ စစ်တပ်ကို ကလေးသူငယ်များ သတ်ဖြတ်ခြင်း၊ ကိုယ်လက်အင်္ဂါချို့တဲ့အောင် နှိပ်စက်ခြင်း၊ ကလေးစစ်သားစုဆောင်းခြင်းနှင့် လိင်အဓမ္မပြုကျင့်ခြင်းတို့ကို ကျူးလွန်သည့် စစ်တပ်အဖြစ် ကုလသမဂ္ဂက (၂၀၂၀)ခုနှစ်အတွက် အစီရင်ခံစာတွင် သတ်မှတ်ထည့်သွင်း၍ဖော်ပြခဲ့ဟုသိရ

သတင်းတို — ရင်းမြစ် – **NUG** မှ

## နိုင်ငံအနှံ့၌ ပြောက်ကျားသပိတ်စစ်ကြောင်းများကို အရှိန်မပြတ် ဆက်လက်ပြုလုပ်ခဲ့ကြ







ဇွန်လ(၂၉)ရက်၊ မန္တလေးမြို့ရှိ အင်ဂျီနီယာများသပိတ်စစ်ကြောင်းနှင့် မဟာအောင်မြေ၊ စိန်ပန်း၊ အထက(၂၄) ကျောင်းသားသမဂ္ဂ ပူးပေါင်းသပိတ်စစ်ကြောင်းအသီးသီးကို တွေ့မြင်ရစဉ် -(ဓါတ်ပုံ - **CJ** )

တာမွေမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်ရှေ့တွင် လုံခြုံရေးယူနေသည့် ရဲအစောင့်တဦးမှာ သေနတ်နှင့် အပစ်ခံရပြီး သေဆုံးခဲ့ရာ စစ်အုပ်စုမှ ရပ်ကွက်တွင်းသို့ စီးနင်းဝင်ရောက်၍ ရမ်းကားပစ်ခတ်သဖြင့် လမ်းသွားလမ်းလာ ကားပေါ်မှ ယာဉ်မောင်းသူတဦး သေဆုံး၍ အသက်(၂၀)အရွယ် အမျိုးသမီးတဦးလည်း သေနတ်ထိမှန်ဒဏ်ရာရခဲ့ဟုသိရ

သတင်းတို — ရင်းမြစ် – ခေတ်သစ် မှ

သယံဇာတ်ရှိ နာမည်ကြီး စစ်တပ်ဒလံတဦးဖြစ်သော ကျားကြီးမှာ သေနတ်နှင့် အပစ်ခံရပြီး သေဆုံးခဲ့ဟုသိရ

သတင်းတို — ရင်းမြစ် – **RFA** မှ

စစ်အုပ်စုက ၅၀၅(က)နှင့် အမှုဖွင့်ထားသည့် အနုပညာရှင်(၂၄)ဦးကို အမှုရုပ်သိမ်းကြောင်းထုတ်ပြန်ခဲ့

သတင်းတို — ရင်းမြစ် – မဇ္ဈိမ မှ

ကလေးမြို့ PDF စခန်းကို စစ်အုပ်စုမှ ဝင်ရောက်စီးနင်းခဲ့ရာ အင်အားမမျှသဖြင့် ဆုတ်ခွာပေးခဲ့ရသော်လည်း PDF များ အထိအခိုက်မရှိခဲ့ဟုသိရ

သတင်းတို — ရင်းမြစ် – မြန်မာနောင်း မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊ ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှု(လုံးဝ)မရပ်တန့်စေရ။

**ဖေဖော်ဝါရီ(၁)ရက်မှ ဇွန်(၂၉)ရက်အထိ**

ကျဆုံးသူဦးရေ - ၈၈၃ ဦး

အဖမ်းဆီးခံရသူဦးရေ- ၆၄၂၁ ဦး

ဝရမ်းထုတ်ခံရသူဦးရေ- ၁၉၈၈ ဦး

ရင်းမြစ် – အေအေပီပီမှ

the voice of spring
30.6.2021 · Wednesday · No . 68 · Daily News Pamphlet

# သတင်းမှတ်စု

ဇွန်လ(၂၉)ရက်၊ ၂၀၂၁

- စစ်အုပ်စုက ပြည်တွင်းပုဂ္ဂလိက ကုမ္ပဏီများ ထံမှ အခွန်ငွေ ကျပ်သိန်း (၄၀၀၀၀) နီးပါး ရရှိထားဟု NUG အစိုးရ စီမံ/ဘဏ္ဍာ/ရင်းနှီး မြှုပ်နှံမှု ဒုဝန်ကြီး ဦးမင်းဇေယျာဦးက ပြော။
- အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှင့် သမ္မတဦးဝင်းမြင့်၊ နေပြည်တော်ကောင် စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်တို့ကို စွဲဆို ထားသည့် ပုဒ်မ-၅၀၅(ခ)အတွက် စစ်အုပ် စုဘက်က တင်သွင်းသည့် သက်သေများကို ကန့်ကွက်ခဲ့သော်လည်း စစ်ကျွန် အထူး တရားရုံးက သက်သေတင်ခွင့် ကြားဖြတ် အမိန့် ချမှတ်ခဲ့ဟုသိရ။
- တရားမဝင် စစ်အုပ်စုက အိန္ဒိယနိုင်ငံသို့ မတ်ပဲနှင့် ပဲစင်းငုံ စုစုပေါင်း တန်ချိန်(၃) သိန်းခွဲအား ငါးနှစ်ဆက်တိုက် တင်ပို့ရောင်း ချရန် နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့။
- ဒီးမော့ဆိုမြို့နယ်ရှိ CDM ပြုလုပ်နေသည့် အခြေခံပညာအဆင့်မှ ပညာရေးဝန်ထမ်း (၁၁၂၃)ဦးကို စစ်အုပ်စုက အလုပ်ထုတ်ခဲ့။
- လှိုင်သာယာမြို့နယ်မှ အကြောင်းအမျိုးမျိုး ကြောင့် တိမ်းရှောင်နေကြရသည့် ပြည်သူ များ၏ နေအိမ်များကို (၁၅)ရက်အတွင်း လာရောက်ဖြေရှင်းရန်နှင့် မရှင်းလင်းပါက ပိုင်ဆိုင်မှုများကို ချိတ်ပိတ်သိမ်းဆည်းမည် ဟု ဝရမ်းစာရွက်များကို စစ်အုပ်စုက လိုက် လံကပ်ခဲ့ဟုသိရ။



- ငါန်းဇွန်မြို့နယ်၊ ကုလကျေးရွာမှ စစ်ကျွန် အုပ်ချုပ်ရေးမှူး အောင်ဇော်မင်းနှင့် အဖွဲ့က ဇွန်(၂၈)ရက်၊ ည(၇)နာရီခွဲခန့်တွင် ဆိုင် ကယ်စီးလာသူ ရွာခံလူငယ်သုံးဦးကို ကား နှင့် လိုက်တိုက်ခဲ့သဖြင့် ရွာခံများက စုဝေး ကာ ၎င်းအိမ်သို့ သွားရောက်စဉ် အောင် ဇော်မင်းမှာ ငါန်းဇွန်မြို့သို့ ထွက်ပြေးပြီး နောက် စစ်အုပ်စုတပ်ဖွဲ့များနှင့်အတူ ရွာသို့ ပြန်လည်ဝင်ရောက်စီးနင်းကာ လူငယ်များ ကို ရိုက်နက်ခြင်း၊ နေအိမ်တလုံးကို ဖျက် ဆီးခဲ့၍ ရွာခံ(၃)ဦးအား ဖမ်းဆီးခဲ့ဟုသိရ။
- မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ရဲစခန်းမှ CDM ပြုလုပ်နေသည့် ဒုရဲအုပ် ဂျော်နီ (ခ) သူရကို စစ်အုပ်စုက ဖမ်းဆီးကာ ထောင် ဒဏ်သုံးနှစ် ချမှတ်ခဲ့ဟုသိရ။
- ရွှေပြည်ကျေးရွာရှိ ရွှေပြည်စစ်ကျွန်ရဲစခန်း



တွင် ဇွန်(၂၈)ရက်၊ ည(၁၁)နာရီကျော်ခန့်က အချင်းချင်း စကားများရာမှ ရဲတပ်သား သက်ပိုင်ဦးက ပစ်ခတ်သဖြင့် ဒုရဲအုပ်ရွှေစိန် ဦးမှာ သေဆုံးခဲ့ဟုသိရ။

- ဒဂုံမြို့သစ်တောင်ပိုင်း၊(၇၂)ရပ်ကွက် စစ် ကျွန်အုပ်ချုပ်ရေးရုံးမှ စာရေးဖြစ်သူ ဒေါ်မြမြ ထွေးကို ဇွန်(၂၈)ရက်၊ ညနေ(၆)နာရီခန့်က သူမ၏ နေအိမ်ရှေ့တွင် အမည်မသိသူ နှစ်ဦးက သေနတ်နှင့် ပစ်ခတ်သဖြင့် ညာ ဘက်ရင်ဘက်တွင် ထိမှန်ကာ သေဆုံးခဲ့။
- တောင်သာမြို့နယ်၊ ဇီးပင်ကန်ရွာမှ စစ်အုပ် အုပ်စုသတင်းပေးဖြစ်သော ထွေအုပ်ရုံးမှ စာရေးတဦးမှာ နေ့လယ်ပိုင်းက သေနတ် နှင့် ပစ်ခတ်ခံရသဖြင့် သေဆုံးခဲ့ဟုသိရ။
- စစ်ကိုင်း၊ယင်းမာပင်မြို့နယ်၊ ကပိုင်ကျေးရွာ ရှိ ပျူစောထီးအဖွဲ့ဝင်ဟု ကြွေးကြော်ကာ ရွာခံများအား ခြိမ်းခြောက်နေသည့် ရန်နိုင် ဆိုသူမှာ ဇွန်(၂၈)ရက်၊ ည(၁၁)နာရီခန့်က တူမီးသေနတ်နှင့် အနီးကပ် ပစ်ခတ်ခံရ သဖြင့် သေဆုံးခဲ့ဟုသိရ။
- နွားထိုးကြီးမြို့နယ်၊ လက်ဝဲမြင်းနီကျေးရွာရှိ စစ်ကျွန်အုပ်ချုပ်ရေးမှူး ဦးဆန်းဝင်းနှင့် စစ် အုပ်စုတပ်ဖွဲ့ (၃၀)ခန့်က ကျေးရွာအတွင်း သို့ နံနက်(၄)နာရီခန့်က ဝင်ရောက်စီးနင်းပြီး NLD ပါတီဝင် ဦးထွန်းနိုင်နှင့် အခြားရွာခံ ဦးအောင်မိုးဦးတို့၏ နေအိမ်များကို ဝင် ရောက်ရှာဖွေကာ လက်ကိုင်ဖုန်းနှင့် ငွေများ သိမ်းယူသွားသည့်အပြင် ကျေးရွာ နာရေး ကူညီမှုအသင်း ရန်ပုံငွေ ရှစ်သိန်းကျပ်ကို လည်း လုယက်ခဲ့ဟုသိရ။
- မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၊ ဦးအောင် ဇေယျလမ်းရှိ စစ်ကျွန်မြို့နယ်တရားရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး နေအိမ်ရှေ့၌ ဇွန် (၂၈)ရက်၊ ည(၈:၁၀)ခန့်က ဆိုင်ကယ်စီး လာသူ နှစ်ဦးက ပစ်ချခဲ့သည့် လက်လုပ် အသံပုံး ပေါက်ကွဲမှု ဖြစ်ပွားခဲ့ဟုသိရ။
- ရောဝတီ၊ ကျိုက်လတ်မြို့၌ နံနက်(၁၀:၄၅) ခန့်က အ.ထ.က(၁)ကျောင်းအတွင်းပေါက် ကွဲမှုသုံးကြိမ် ဆက်တိုက်ဖြစ်ပေါ်ခဲ့ပြီး မြို့ နယ်ပညာရေးမှူးရုံးတွင်လည်း ပေါက်ကွဲမှု တကြိမ် ထပ်မံဖြစ်ပွားခဲ့ကာ ကျောင်းတွင်း ပေါက်ကွဲမှု၌ပြည်သူ(၄)ဦးထိခိုက်ခဲ့ဟုသိရ။
- ပဲခူး၊ ရေတာရှည်မြို့နယ်၊ ရေနီမြို့တောင် ဘက်အဝင် ရန်ကုန်-မန္တလေးမီးရထားလမ်း ၌ ဇွန်(၂၈)ရက်၊ ည(၉)နာရီခန့်က အမှတ် (၁) အဆန်စာပို့ရထားဖြတ်သန်းစဉ် မီးရ ထားမိုင်တိုင် (၂၀၅/၁၂)နှင့် (၁၃) ကြား တံတားအမှတ် (၃၃၈) ပေါ်တွင် ပေါက်ကွဲ မှုဖြစ်ပွားခဲ့၍ ရထားစက်ခေါင်းရှေ့ မှန်အချို့ နှင့် မီးရထားလမ်းပိုင်းအချို့ ပျက်စီးခဲ့။
- ကရင်နီအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ -KNDF ဘက်က အပစ်ရပ်ထားသော်လည်း စစ် အုပ်စုဘက်က ပစ်ခတ်မှုများ ဆက်လက်ပြု လုပ်လျက်ရှိရာ မိုးဗြဲမြို့နယ်၊ ရေကာတာ ရွာနှင့် ပင်သာကြားတွင် ဆိုင်ကယ်စီးလာ သည့် လူငယ်နှစ်ဦးအား စစ်အုပ်စု(၄၂၂) တပ်က ပစ်ခတ်သဖြင့် တဦးသေဆုံးခဲ့။
- သပိတ်မှတ်စု
- ရန်ကုန်၊ သဃ်န်းကျွန်းပြောက်ကြားသပိတ်။ မန္တလေး၊ အင်ဂျီနီယာအဖွဲ့၊ မန်းလေးလူ ငယ်သပိတ် စစ်ကြောင်း၊ မန္တလာတက္ကသိုလ် သပိတ်စစ်ကြောင်း၊ မဟာအောင်မြေ၊ စိန် ပန်းနှင့် ကျောင်းသားသမဂ္ဂပူးပေါင်းသပိတ် စစ်ကြောင်း၊ သံဃသမဂ္ဂ။ မိုးကုတ်။ ဘုတ လင်မြို့။ မတ္တရာမြို့။ မုံရွာ။ ဆားလင်းကြီး၊ ကျေးရွာပေါင်းစုံနှင့် ယင်းမာပင်၊ လက်ပံ တောင်း တောင်ကျေးရွာများ။ ကလေးမြို့။ တန့်ဆည်။ မြိုင်။ ရေဖြူ၊ ကံပေါက်။ သရက် ချောင်း။ ထားဝယ်။ လောင်းလုံမြို့နယ်၊ မောင်းမကန်၊ ဝေဒီ၊ ညင်းမော်၊ စစ်ပြ၊ တီဇစ် ကျေးရွာများ။ မွန်၊ မော်လမြိုင်။ မိုးကောင်း။ ဖားကန့်မြို့ လုံးခင်းအုပ်စု စသဖြင့် မြို့ အသီးသီး၌ လူအင်အား ရာချီသော သပိတ် စစ်ကြောင်းကြီးများနှင့် ချီတက် ဆန္ဒဖော် ထုတ်ခဲ့ကြဟု သိရ။

ရင်းမြစ် – မဇ္ဈိမ



အရေးတော်ပုံ မုချ အောင်ရမည်